Biodiversity And Nature Conservation Association
ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း

"ဂေဟစနစ်တည်မြဲဖို့၊ ဇီဝမျိုးစုံထိန်းသိမ်းစို့"

အတွဲ (၁)၊ စာဆောင် (၁)

အကောင်ရေ (၅၀၀)အောက်သာ ကျန်ရှိသောရေညှောင့် နှုတ်ပိုင်းငှက်
ဥဒေါင်းငှက်ထိန်းသိမ်းကာကွယ်ရေး
ဥက္ကဌ၏တိုက်တွန်းပန်ကြားချက်
အသင်း၏ပြောင်းလဲထားသော ဖွဲ့စည်းပုံ
အသင်းဝင်တစ်ဦး၏ခံစားခွင့်များ
အသင်းရှိလစ်လပ်နေသော နေရာများ
A Little Piece of Heaven
BANCA getting in touch with the society...




## မြန်မာပြည်နှင့်ရေညှောင့်နှုတ်ပိုင်းငှက်

ရေညှောင့်နှုတ်ပိုင်းငှက်သည် ကမ္ဘာပေါ်တွင် အကောင်ရေ (၅၀၀) အောက်သာကျန် ရှိတော့သော မျိုးသုန်းရန်အစိုးရိမ်ရဆုံးအခြေအနေသို့ရောက်ရှိနေသည့် ငှက်မျိုးစိတ်ဖြစ်သည်။ မူရင်းဒေသမှာ ရုရှားနိုင်ငံ အရှေ့မြောက်ဖက် ချူကိုတာဒေသတွင်သားပေါက်ပြီးဆောင်းရာသီတွင် ကမ္ဘာ့တောင်ဖက်ခြမ်းရှိ ကမ်းရိုးတန်းနိုင်ငံများ တွင်ဆောင်းခိုပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင်အရှည်ကြာဆုံးဆောင်းခိုသည်။
မြန်မာနိုင်ငံသို့ အောက်တိုဘာလမှ စတင်ဆောင်းလာခိုပြီး ဧပြီလ နှောင်းပိုင်းတွင် သားပေါက်ရန် မူရင်းဒေသသို့ ပြန်လည်ကျက်စားသည်။ ဆောင်းခိုရန်ပျံသန်းရသောခရီးမိုင်မှာ (၅၀၀၀)ခန့် ဖြစ်ပါသည်။
ရေညှောင့်နှုတ်ပိုင်းငှက်သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ခန့်အချိန်ကတည်းက ရှိခဲ့ ကြောင်းကို မှတ်တမ်းများအရ သိရှိရသည်။ ၂၀ ရာစုနှစ်အတွင်း လေ့လာမှုမရှိသည့်အတွက် ၎င်းငှက် ဆက်လက်ကျက်စားမှုရှိ၊ မရှိအခြေအနေကိုမသိရှိခဲ့ပါ။ အတည်မပြုနိုင်သေးသောမှတ်တမ်းများအရ ရခိုင်ပြည်နယ်နှင့် မုတ္တမပင်လယ်ကွေ့တွင် ဆောင်းခိုနေထိုင်နေသည်ဟုခန့်မှန်းခဲ့ပါသည်။ထို့ကြောင့် ၂၀၀၇ ခုနှစ်တွင် ရေးဆွဲခဲ့သောနိုင်ငံတကာ ရေညှောင့်နှုတ်ပိုင်းငှက် ထိန်းသိမ်းရေးမဟာဗျူဟာ လုပ်ငန်းစဉ်များ အရသိပ္ပံပညာရှင်များက မြန်မာနိုင်ငံတွင်လည်း လေ့လာသင့်သည်ဟုဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ၎င်းလေ့လာမှုများကို ၂၀၀၈ ခုနှစ် ဇန္နဝါရီလတွင် နိုင်ငံတကာအဖွဲ့များဖြစ်သော BirdLife International , Arcona Consulting Cambridge, RBCU, JAWAN, BCST နှင့် မြန်မာနိုင်ငံမှ BANCA အဖွဲ့တို့မှ စတင်၍ ပူးပေါင်းကွင်းဆင်းလေ့လာခဲ့ကြပါသည်။လေ့လာချက်များအရ မြန်မာနိုင်ငံတွင် မုတ္တမပင်လယ်ကွေ့နှင့် ရခိုင်ပြည်နယ် နံ့သာကျွန်း တို့တွင် တွေ့ရှိခဲ့ပြီးနောက်ပိုင်း ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အစီအစဉ်တကျ နှစ်စဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ယခုအချိန်တွင် BANCA သည် BirdLife International ၏အသိအမှတ်ပြု ရေညှောင့်နှုတ်ပိုင်းငှက်၏Species Guardian အဖြစ်တာဝန်ယူဆောင်ရွက် နေပါသည်။ သိပ္ပံပညာအရ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင်လည်း တဖက်မှ ရေညှောင့်နှုတ်ပိုင်းငှက် ကျက်စားရာဒေသအတွင်း၌လူမှုစီးပွားရေးအခြေအနေများနှင့် ငှက်မုဆိုးများ၏အခြေအနေကိုပါ လေ့လာခဲ့ကြပါသည်။ ဒေသတွင်းငှက်မုဆိုးများ၏ ရေပျော်ငှက်များ ဖမ်းယူမှု အခြေအနေများကလည်း ရေညှောင့်နှုတ်ပိုင်းငှက် အကောင်ရေ ကျဆင်းရသည့် အဓိကအကြောင်းအရင်းတစ်ခုဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ BANCA မှ နိုင်ငံတကာ ထိန်းသိမ်းရေးအဖွဲ့များ၏အကူအညီဖြင့် ငှက်မုဆိုးများကို ငှက်ဖမ်းခြင်းမပြုရန်မေတ္တာရပ်ခံခဲ့ပြီး ၎င်းတို့အတွက်လိုအပ်သော အခြား တိုးတက်ပြောင်းလဲစေမည့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်စေ ခဲ့ပါသည်။
ယခုအချိန်တွင်မုတ္တမပင်လယ်ကွေ့သည် ယခင်စတင်လေ့လာခဲ့သည့်အချိန်နှင့် နှိုင်းယှဉ်ကြည့်ပါက ရေညှောင့်နှုတ်ပိုင်းငှက် ဆောင်းခိုမှုကောင်ရေတိုးတက်များပြားလာသည်ကို လေ့လာမှုများအရ သိရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်း ငှက်မုဆိုးများ မရှိသလောက်နည်းပါးသွားသောကြောင့်ဖြစ်ပါသည်။ BANCA အနေဖြင့် အဆိုပါထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် ဒေသတွင်းရှိကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် ငှက်နှင့်ပတ်သက်ပြီး ဆက်စပ်လျှက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးအစီအစဉ်များကို ၂၀၁၁ ၊ ၂၀၁၂ ခုနှစ်တို့တွင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဒေသတွင်း၌ ထိန်းသိမ်းရေးလုပ်ငန်းများကို မျက်ခြေမပြတ် ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများပါဝင်သော ဒေသခံထိန်းသိမ်းရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၊ ကင်းလှည့်ယာဉ်များ ထောက်ပံ့ပေးပြီး ထိန်းသိမ်းရေးသင်တန်းများနှင့် အခြေခံငှက်ကြည့်သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ပို့ချလျှက်ရှိပါသည်။
ထို့ပြင် BANCA သည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် မုတ္တမပင်လယ်ကွေ့အား **"အသိမှတ်ပြုထိန်းသိမ်းစောင့်ရှောက်မည့် ရေတိမ်ဒေသဧရိယာ"** "Ramsar Site"ဖြစ်ပေါ်လာရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် BANCA သည် ဒေသအတွက်ရေရှည်စဉ်ဆက်မပြတ် သဘာဝ အရင်းအမြစ်များကို နောင်သားစဉ်မြေးဆက် အချိန်အထိလက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ဒေသခံများ ပါဝင်သော သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲအုပ်ချုပ်မှု နည်းဗျူဟာများကို စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

ပြည့်ဖြိုးအောင်

Photo by Tint Wai

# အသင်း၏ဥက္ကဋ္ဌများ



**ဦးဦးဂါ**
(၂၀၀၂-၂၀၁၀)

ဦးဦးဂါသည် သစ်တောရေးရာ ဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင် နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းနေရေးဌာနတွင် နှစ်ပေါင်း (၃၆)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ညွှန်ကြားရေးမှူး အဆင့်ဖြင့် (၂၀၀၁) ခုနှစ်တွင် တာဝန်မှအငြိမ်းစားယူ ကာ (၂၀၀၂) ခုနှစ်တွင် BANCA အသင်းကို စတင်တည်ထောင်ခဲ့ သည်။ အသင်း၏ဥက္ကဋ္ဌအဖြစ် ၂၀၀၂- ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိတာဝန် ထမ်းဆောင် ခဲ့သည်။



**ဒေါက်တာထင်လှ**
**(Tony)**
(၂၀၁၀-၂၀၁၂)

ဒေါက်တာထင်လှသည် ရန်ကုန်ဆေးတက္ကသိုလ် (၂) မှ ဆရာဝန်ဘွဲ့ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင်BANCA အသင်းဝင်/တွဲဘက်အတွင်းရေးမှူး ဖြစ်လာခဲ့သည်။ ငှက်မျိုးစိတ်လေ့လာရေး နှင့်သဘာဝထိန်းသိမ်းရေးလုပ်ငန်းများတွင် ငှက်ပညာရှင်အဖြစ် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ပြီးအသင်း၏ဥက္ကဋ္ဌအဖြစ် ၂၀၁၀ ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။



**ဦးမောင်မောင်ပြုံး**
(၂၀၁၂-၂၀၁၃)

ဦးမောင်မောင်ပြုံးသည် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ၂၀၀၈ ခုနှစ်တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် BANCA အသင်းဝင်ဖြစ်လာသည်။ ၂၀၁၀ ခုနှစ်တွင် အတွင်းရေးမှူးအဖြစ်တင်မြှောက်ခံရပြီး ၂၀၁၃ခုနှစ် ဇူလိုင်လမှ ၂၀၁၃ခုနှစ် စက်တင်ဘာလအထိ အသင်း၏ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



**ဒေါက်တာစောမွန်သိမ့်**
**(Dimple)**
(၂၀၁၃-　　)

ဒေါက်တာစောမွန်သိမ့်သည် ၂၀၁၀ ခုနှစ်တွင် Environmental Science ဖြင့် ပါရဂူဘွဲ့ ရန်ကုန်တက္ကသိုလ်မှရရှိခဲ့သည်။ မဟာသိပ္ပံဘွဲ့(၂၀၀၄)နှင့် မဟာသုတေသနဘွဲ့(၂၀၀၅)၊ သိပ္ပံဘွဲ့ (ဂုဏ်ထူးတန်း)(၂၀၀၁) ဓါတုဗေဒ တို့ကို ရန်ကုန်တက္ကသိုလ်မှရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ဒဂုံတက္ကသိုလ်တွင် သရုပ်ပြ (Environmental Science)အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ အသင်းတွင် အသင်း၏အမှုဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့သည်။ သုတေသနနှင့် သဘာဝထိန်းသိမ်းရေးလုပ်ငန်းများကို အသင်း၏ သုတေသနပညာရှင်အဖြစ်လည်းကောင်း Freelance Environmental Consultant အဖြစ်လည်းကောင်း၂၀၀၆ ခုနှစ်မှ ယနေ့ထိတိုင်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို မြန်မာပြည်သူလူထုကြားတွင် စိမ့်ဝင်ပျံ့ နှံ့စေရန်ပညာပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ/ဇီဝမျိုးစုံ ... 



# မြန်မာတို့မြတ်နိုးသည့်ဥဒေါင်းငှက်များကို အချိန်မှီထိန်းသိမ်းကြပါစို့

ဥဒေါင်းငှက်သည် မြန်မာနိုင်ငံကို ကိုယ်စားပြုသော National Bird အမျိုးအစားဖြစ်သည်။ ရှေးယခင်ကလည်း မြန်မာဘုရင်တို့၏ သင်္ကေတအဖြစ် လည်းကောင်း၊ အင်္ဂလိပ်လက်အောက် ကျရောက်စဉ်အခါတွင် အာဏာပိုင်တို့၏ အလံများတွင် လည်းကောင်း၊ ၁၉၄၃ -၁၉၄၅ အတွင်းတွင် မြန်မာနိုင်ငံ၏ အလံများတွင်လည်းကောင်း အသုံးပြုခဲ့ကြသည်။ဥဒေါင်းငှက်သည် ရစ်မျိုးနွယ်ငှက်မျိုးစိတ် တစ်မျိုးဖြစ်သည်။ ကမ္ဘာ ပေါ်တွင် ရစ်မျိုးစိတ် ၄၈ မျိုးရှိပြီး အရှေ့တောင်အာရှတွင် ၂၂ မျိုးရှိပါတယ်။ အခြားငှက်မျိုးစိတ်နှင့် မတူ မျက်နှာတွင် အရောင်အသွေး စုံလင်သည်ကိုတွေ့နိုင်ပြီး အလွန်လှပသော ငှက်မျိုးစိတ်မျိုး ဖြစ်ပါသည်။

ဥဒေါင်း ငှက်သည် ကမ္ဘာပေါ်တွင် ( ၁၀ ) နိုင်ငံသာ တွေ့ရှိရပြီး မျိုးတုန်းလုအန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ် တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ခုနှစ် မတိုင်မီက ပေါများစွာ တွေ့ခဲ့သော်လည်း ယခုအခါ အကောင်အရေတွက်များ နည်းပါး လာသည်ကို ငှက်စာရင်းကောက်သုတေသနပြု နေသူများမှ သတိပြုမိခဲ့ ကြသည်။ ၂၀၀၃ ခုနှစ် နှင့် ၂၀၀၄ ခုနှစ် တွင်ငှက်စာရင်း ကောက်သုတေသနပြုနေသူအချို့သည် မြန်မာနိုင်ငံမြောက်ပိုင်း ဟူးကောင်း တောင်ကြားရှိ နေရာသုံးခုသို့ သွားရောက် လေ့လာခဲ့ သည်။ ၄င်းတို့၏ သုတေသနပြုစာတမ်းအရ ဥဒေါင်းငှက်မျိုးစိတ်ကို အသားအဖြစ် စားသောက်ရန် အတွက်သော်လည်းကောင်း၊ အမွေးအတောင်များကို အလှအပအတွက် ဆင်ယင်ရာတွင် အသုံးပြုရန်အတွက် လည်းကောင်း၊ ရောင်းဝယ်ဖောက်ကားရန် အတွက်သော်လည်းကောင်း ဖမ်းဆီးကြသည်ကို တွေ့ရသည်။ အချို့လူများသည် ဒေါင်းအမွေး အတာင်ရှည် များကို ငှက်ဖိုများ အတောင်ချသောအခါမှသာ ကောက်ယူ ကြသည်။ ထို့အပြင် ဥဒေါင်းငှက်များ နေထိုင်ကျက်စားရာ နေရာများကို လူသားများက စိုက်ပျိုးမြေအဖြစ်သို့ ပြောင်းလဲကြသည်ကိုလည်း လေ့လာသိရှိကြသည်။ ယခင်စစ်တမ်းကောက်ခဲ့သော စာရင်းများအရ ဥဒေါင်းငှက်သည် မြန်မာနိုင်ငံတွင် မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လေ့လာကျက်စား ကြောင်းသိရှိရပါသည်။ ယခုအခါ ဥဒေါင်းငှက်၏ ကမ္ဘာပေါ်တွင်ရှိ အကောင်အရေတွက်မှာ နှစ်ပေါင်း ၂၀ အတွင်း (near threatened) **မျိုးတုန်းလုနီး ခြိမ်းခြောက်ခံ နေရသောမျိုးစိတ်** မှ (vulnerable) **မျိုးတုန်းလုနီးပါး မျိုးစိတ်** ထိုမှတဖန် (endangered) **မျိုးတုန်းရန်စိုးရိမ်နေရသောမျိုးစိတ်** ထိတိုင် နှစ်အနည်းငယ်အတွင်း ပြောင်းလဲသွားသည်ကို ကြည့်ခြင်းဖြင့် ဥဒေါင်းငှက်သည် ကမ္ဘာပေါ်တွင် မျိုးတုန်းပျောက်ကွယ်ရန် အန္တရယ်နှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း သိနိုင်သည်။ ထိုကြောင့်အသင်းသည်၂၀၁၃ ခုနှစ် ဧပြီလတွင် ဥဒေါင်းငှက်၏ ပျံ့နှံ့မှုနှင့် ငှက်ကောင်ရေစစ်တမ်း များကောက်ယူခြင်းကို မြန်မာနိုင်ငံ အလယ်ပိုင်း သို့သွားရောက်လေ့လာ ခဲ့ပါသည်။ လေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ရှိသော ဥဒေါင်းငှက်၏ ငှက်ကောင် ရေများကို သိရှိစေရန်နှင့်၄င်းတို့၏ နေထိုင်ကျက်စားရာနေရာ များကို သိရှိစေရန် တို့ဖြစ်ပါသည်။ ထို့သို့လေ့လာခဲ့ရာတွင် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မြောက်ဇာမဏီထိန်းသိမ်းရေးတော၊ ရွှေစက်တော် ထိန်းသိမ်း ရေးတော နှင့် မြောင်ဦးထိန်းသိမ်းတောများအရှိ ရွာများ၊ စိုက်ခင်းများ တောတောင်များသို့ သွားရောက်၍ စစ်တမ်း ကောက်ယူ ခဲ့ပါသည်။ စုစုပေါင်း ဥဒေါင်းငှက်အကောင်ရေ ၂၀ ကျော်ကို လေ့လာတွေ့ရှိခဲ့ရပြီး ရွှေစက်တော်ဘေးမဲ့တောတွင် အများဆုံးတွေ့ရှိရပါသည်။ ဥဒေါင်းငှက်ကို လေ့လာတွေ့ရှိရန်မှာ အလွန်ခဲယဉ်းပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်စွာရှက်တတ်ပြီး နေထိုင်တတ်သော အကျင့်စရိုက်ရှိသည့်ငှက်မျိုးစိတ် ဖြစ်သောကြောင့်ဖြစ်သည်။ အသင်း၏စစ်တမ်း ကောက်ယူသော အဖွဲ့ သည် ဒေသခံများကိုလည်းမေးမြန်းစုံစမ်း ခဲ့ပါသည်။ ဒေသခံများ၏ ပြောကြားချက်အရ ဥဒေါင်းငှက်ဖို၏ အမွေးအတောင်များကို ငွေကျပ် သုံးသောင်းဖြင့် ရောင်းချ နေကျကြောင်းနှင့် အသားများကို လည်းရောင်းချနေကျကြောင်းသိရှိရသည်။ ထို့ပြင် ဥဒေါင်းငှက်ကို ဒေသခံများက အလွန်ဆိုးသော ငှက်အဖြစ်သတ်မှတ်ထားကြကြောင်းလည်းသိရှိရသည်။ ဒေသခံများ၏အဆိုအရ ဥဒေါင်းငှက်သည် စားကျက်များသို့ အစာလာစားကြလျှင် အသံမကြား ရသဖြင့် ၄င်းတို့လာရောက်စားသောက်လျှင် လူမသိရ ကြောင်း၊ အခြားငှက်များ လာစားလျှင် လူသိရကြောင်း ထို့ကြောင့် ခရမ်းချဉ်သီးတွင် ပိုတက်အဆိပ်ကို ထိုးသွင်းပြီး ဥဒေါင်းငှက်များကို ဖမ်းဆီးကြကြောင်း သိရှိရသည်။ အသင်းသည် ဒေသခံများကို ဥဒေါင်းငှက်များသည် ကောက်ပဲသီးနှံများကိုသာမက သီးနှံဖျက် ပိုးများကိုလည်း ဖမ်းယူစားသောက်ကြကြောင်း၊ သီးနှံဖျက်ပိုးများကစားသော ကောက်ပဲသီးနှံ ပမာဏသည် ဥဒေါင်းငှက်များက စားသောပမာဏထက် ပိုမိုများပြားကြောင်း ရှင်းလင်းပြောပြခဲ့သည်။ ဥဒေါင်းငှက်များအပြင် တောက်တက်များကိုလည်း ရှာဖွေဖမ်းဆီးပြီး မကွေးတိုင်း မင်းတုန်းမြို့နယ်သို့ သွားရောက်ရောင်းချကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ယခုအခါ ဥဒေါင်းငှက်များသည် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် သဘာဝတောရိုင်းထဲ၌ မျိုးတုန်းပျောက်ကွယ်သွားပြီ ဖြစ်ကြောင်း လေ့လာသိရှိရသည်။ဥဒေါင်းငှက်အပြင် အခြားရစ်ငှက်များလည်း ငှက်မုဆိုး များ၏အမဲလိုက်ခြင်းနှင့် နေထိုင်ကျက်စားရာနေရာများ ပျောက်ဆုံးခြင်းစသည့်အန္တရယ်နှင့်ရင်ဆိုင်နေရသည့် အတွက် ဥဒေါင်းငှက်အပါအဝင် ရစ်ငှက်များ မြန်မာမြေပေါ်တွင်သာမက ကမ္ဘာ့မြေပေါ်မှပါ ပပျောက်မသွားအောင် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသင့်ပါသည်။

ကိုးကားချက်။ ။ BirdLife International (2011),Brickle et al., 2008
Fuller & Garson, 2000


(သီရိဒေဝီအောင်)



**အသင်း၏မူဝါဒသဘောထား**

သုတေသနနှင့်လေ့လာတိုင်းတာမှုများ၊ အားပေးလှုံ့ဆော်မှု၊ မိတ်ဖွဲ့မှု၊ ကွန်ယက်တည်ဆောက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးပညာပေးမှု၊ လူထုအသိပညာနိုးကြားမှုဖြင့် ပူးပေါင်းပါဝင်မှုတို့ကိုအခြေခံသည့်လုပ်ဆောင်ချက်များဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို အဓိကထား၍ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်



## BANCA getting in touch with the society; climbing up the fame ladder

From 1st of December to 5th of December, a team from BANCA (Dr. Saw Mon Theint, U Aung Kyaw Nyunt and Kyaw Zabu Tun) went to Hpa-An to attend the 3rd Annual Green Gathering of Myanmar Green Network. This event was organised by Spectrum for Myanmar Green Network.

During the event, our Chairperson Dr. Saw Mon Theint gave an environmental talk session (45 minutes) on 'Biodiversity Conservation Status in Myanmar'. The audience was bombarded with information on the importance of biodiversity for everyone, the threats to biodiversity and the activities of BANCA in conserving biodiversity.





The next day, U Aung Kyaw Nyunt took the stage. He woke up the whole audience with enjoyable lecture, 'Community Participation in Conservation'. He made learning an enjoyable thing; making everyone absorbs the knowledge with laughter. Overall, the trip to Annual Green Gathering surely raised the name of BANCA. We all hope to go around Myanmar and increase the environmental education of the nation.

On the 7th of December, Dr. Saw Mon Theint participated in a roundtable discussion in Women's Forum Myanmar 2013. The discussion topic was 'Engaging for the environment agenda in development' with speakers including Dawlay Devi Thant Cin, Daw Khin Hnin Myint, Dr. Cécile Renouard, Dr. Saw Mon Theint and Ms. Vicky Bowman.

During the discussion, the question 'what are the smart policies and plans to respond effectively, including partnerships and alliances for being heard on legislation and creating action on the ground?' was discussed among the speakers.



This event was aired on television via various media groups and BANCA was seen/ heard everywhere.

BANCA climbed up the fame ladder with these 2 events in the month of December. We, BANCA, feel that we need to try harder in conservation activities, be well-disciplined and have respectable image in public.

## အသင်းတွင်လစ်လပ်လျှက်ရှိသောနေရာများ

| | |
|---|---|
| Program Manager (Environment) | 1 post |
| Assistant Program Manager (Environment) | 1 post |
| Program Manager (Research) | 1 post |
| Assistant Program Manager (Research) | 1 post |
| Biologist | 1 post |
| Social Specialist | 1 post |
| Admin Assistant Officer (HR) | 1 post |

အောက်ပါလိပ်စာအတိုင်းလာရောက်စုံစမ်းနိုင်သည်။
အမှတ် (၉၄၃)၊ တတိယထပ် (ယာ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း၊၀၁–၆၆၃၀၇၇

## အသင်းဝင်တစ်ဦး၏ခံစားခွင့်များ

၁။ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်ရုံ ဆွေးနွေး ပွဲများ တွင် တက်ရောက်ခွင့်ရရှိမည်။

၂။ အသင်းတွင်ပြုလုပ်သည့် သင်တန်းများတွင် အရည်အချင်း ပြည့်မီပါက တက်ရောက် ခွင့်လျှောက် ထားနိုင်သည်။

၃။ အသင်း၏တိုးတက်မှုနှင့် ဖြစ်စဉ်များကို News Letter , Gmail, Facebook မှတဆင့် အမြဲတမ်း သိရှိနိုင်ခွင့် ရရှိမည်။

၄။ အသင်း၏စာကြည့်တိုက်ကို အသုံးပြုခွင့်ရရှိမည်။

၅။ သုတေသနဆိုင်ရာလက်တွေ့သင်တန်းများကို လည်း ကျွမ်းကျင် သူများနှင့် အခါအားလျော်စွာ ကွင်းဆင်း ဆောင်ရွက်ခွင့်ရရှိပြီး၊ အသင်းမှ ဆောင်ရွက် နေသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်း သိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကိုင်ခွင့် များရရှိ မည်။

၆။ အသင်းမှဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် အရည်အချင်း ပြည့်မီသော အသင်းသားများကို ဦးစားပေးခန့် အပ်တာဝန်ပေး သွားမည်။

၇။ အရည်အချင်းပြည့်မီသော အသင်းသားများသည် နိုင်ငံတကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များမှ အသင်း သို့ဖိတ်ခေါ် ကမ်းလှမ်းလာသော သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ၊အစည်း အဝေး များသို့ အခါအားလျော်စွာ တက်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင် ပါမည်။

## ၂၀၁၄ တွင် ပြုလုပ်မည့်သင်တန်းများ

| | |
|---|---|
| Janauary | Biodiversity Research Methodology Training |
| | GIS Training |
| May | Project Cycle Management |
| June | Environmental Policy |

---အသေးစိတ်အချက်အလက်များကို အသင်းသို့ဆက်သွယ်မေးမြန်းနိုင်သည်-

# ဥက္ကဋ္ဌ၏တိုက်တွန်းပန်ကြားချက်

ယနေ့အချိန်အခါတွင် မိခင်ကမ္ဘာမြေ၏ သန့်ရှင်းစင်ကြယ်လှပသော တော၊ တောင်၊ ရေ၊ မြေ၊ သဘာဝ သယံဇာတ အရင်းအမြစ်များသည် လူတို့၏ ပယောဂကြောင့် တစ်နေ့ထက်တစ်နေ့ အရှိန်အဟုန်ဖြင့် ညစ်ညမ်းပျက်စီး ဆုတ်ယုတ်လာကာ နောက်ဆက်တွဲ အကျိုးရလာဒ်ဖြစ်သည့် လူတို့မျှော်လင့်မထားသော ရာသီဥတု ပြောင်းလဲ ဖောက်ပြန်မှုနှင့် ဆိုးရွားပြင်းထန်လှသည့် သဘာဝဘေးဒဏ်တို့၏ တန်ပြန်ထိုးနှက် တိုက်ခိုက်မှုကို မျက်မှောက် လူသားတို့ တွေ့ကြုံခံစားလာရပြီ ဖြစ်ပါသည်။

ထိုသို့ ဖြစ်ပေါ်လာရသော ကြောင်းကျိုးဆက်နွယ်မှုတို့ကို အလေးမူကာ မိမိနေထိုင်ရာ ကမ္ဘာမြေကို ကြမ္မာဆိုးမှ လွတ်မြောက် စေလိုသောဆန္ဒမွန်ဖြင့် ကယ်တင်ဆောင်ရွက်လိုသူများမှာ အရေအတွက်ပမာဏအားဖြင့် နည်းပါးလှ ပါသည်။ တိုးပွားလာသော လူဦးရေပမာဏနှင့် ပြောင်းလဲလာသော ဘဝနေထိုင်မှုပုံစံများကြောင့် သဘာဝ အရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲ၍ မြေထု၊ ရေထု၊ လေထု တို့ကို အဆိပ်သင့်စေ ခဲ့ပါသည်။ ဇီဝမျိုးစုံမျိုးကွဲတို့ မှီတင်းနေထိုင်ရာ ကမ္ဘာ့အပူပိုင်းဇုံ တစ်လျှောက်ရှိ မိုးသစ်တောကြီးများမှာ တစ်စတစ်စ ကျဉ်းမြောင်းသေးငယ်လာကာ မျိုးစိတ်မျိုးရင်းများမှာ မျိုးသုဉ်း ပျောက်ကွယ်လာသကဲ့သို့ပင် တော၊ တောင် ပြုန်းတီး၍ ကုန်မြေများ၏ ကန္တာရဖြစ်ထွန်းမှုမှာ ကျယ်ပြန့်လာလျက် ရှိပါသည်။ ဤကဲ့သို့သော အခြေအနေကို သတိမူ၍ ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုပါလျှင် ကမ္ဘာမြေ မပျက်သုန်းမီပင် လူသားမျိုးနွယ် တို့ ပျောက်ကွယ်သွားနိုင် ပါသည်။

ရုပ်ဝတ္ထုပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝ ခြင်းတို့ဖြင့် နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို တိုင်းတာနိုင်ပါသည်။ သို့ရာတွင် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝ ချမ်းသာခြင်းကို ထိန်းသိမ်း (တန်ဖိုးထား)ခြင်းထက် အခြားသောအရာများကို ပို၍အလေးထားကာ ဦးစားပေး ဆောင်ရွက်နေခြင်းကြောင့် ဇီဝမျိုးစုံ မျိုးကွဲများ ကိုထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဉ်များသည် ထိရောက်အောင်မြင်မှု နည်းပါးလှ ပါသည်။သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နစ်နာမှုများ အများဆုံးဖြစ်ပေါ်နေသော အပူပိုင်းဒေသများတွင် ဇီဝမျိုးစုံ မျိုးကွဲတို့ တည်ရှိရှင်သန်မှု မြင့်မားလှပါသည်။

မြန်မာနိုင်ငံကို အာရှနှင့်ပစိဖိတ်ဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲများအကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ် ပြုထားသော်လည်း ကောင်းမွန်မှန်ကန်သည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတို့ကို နှစ်ပေါင်းများစွာ အားထုတ်နိုင်ခဲ့ခြင်း မရှိခြင်းကြောင့် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ယုတ်လျော့ခဲ့ရပြီး ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း BANCA သည် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲ၊ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသော ဆန္ဒတူ၊ စေတနာတူ၊ ဝါသနာတူ သူတို့ဖြင့် စုပေါင်းကာ ဖွဲ့စည်းထားသော အသင်းတစ်သင်း ဖြစ်ပါသည်။ (၁၈-၆-၂၀၀၄)ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီး ဌာန၏ တရားဝင်ခွင့်ပြုချက်ကိုရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ ကုန်လွန်ခဲ့ပြီးသော နှစ်ကာလများ အတွင်း BANCA ၏ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများတွင် အားသာချက် အားနည်းချက်များ ရှိခဲ့သည်ကိုလည်း မငြင်းဆိုနိုင်ခဲ့ပါ။ အားနည်းချက် ချို့ယွင်းချက်များကို ပြုပြင်သုံးသပ် ဆင်ခြင်၍ သင်ခန်းစာယူကာ BANCA ၏ စာမျက်နှာ သစ်ကို ဖွင့်လှစ်နိုင်ရန် BANCA ကို အသစ်တဖန် ပြန်လည်မွေးဖွားခဲ့ပြီ ဖြစ်ပါသည်။

အသစ်ဖွဲ့စည်းသည့် BANCA အသင်း အနေဖြင့် အသင်း၏မူဝါဒအတိုင်း ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့ နေထိုင် ကျက်စားရာ သဘာဝနယ်မြေများကို ထိန်းသိမ်းကာကွယ်နိုင်ရန် သုတေသန လုပ်ငန်းများကို အလေးပေး ဆောင်ရွက်၍ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင် စေရန် လိုအပ်သော သတင်းအချက်အလက်များကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထု များအတွင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာ စေရန် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လက်တွေ့ပူးပေါင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းစဉ် များကို အလေးပေး ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။

ကိုယ်ကျိုးမဖက်ဘဲ လောကအကျိုး၊ လူသားအကျိုး၊ နိုင်ငံအကျိုး၊ မိခင်ကမ္ဘာမြေ၏ အကျိုးတို့ကို ဆောင်ရွက်လို သူတို့၏ ထက်သန်သောစေတနာနှင့် ကိုယ်စွမ်းဉာဏ်စွမ်းများကို BANCA အသင်းမှ လေးစားတန်ဖိုးထား၍ ဖိတ်ခေါ် ကြိုဆိုလျက် ရှိပါသည်။

သို့ပါ၍ မိမိနေထိုင်ရာ မြေကမ္ဘာကို ချစ်မြတ်နိုးသော၊ ကျေးဇူးဆပ်လိုသော၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝ ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လိုသော မည်သူမဆို BANCA အသင်းနှင့် ပူးပေါင်း ဆောင်ရွက်ပေး ပါရန် ဖိတ်ခေါ်တိုက်တွန်း အပ်ပါသည်။

ဒေါက်တာစောမွန်သီမ့်
ဥက္ကဋ္ဌ
ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း



## A Little Piece of Heaven; A brief of my Oat Pho Kwin Chaung Trip

I went on a voyage to a little village called Oat Pho on 15/10/2013 with U Kyaw Nyein (FREDA) and 3 Japanese scientists. The trip was scheduled to be 10 days long and I had no idea what to pack (since it was my second field trip in Burma). The trip was from Yangon to Bogalay first, spent a night there. the next day, we got on to a small motorboat and sailed down the Bogalay River towards our nominated area.

The water in the Bogalay River is a mixture of fresh and salt water. Along our lazy ride on the boat, there were several cases of soil erosion along the banks (mostly western banks). But the further we got from Bogalay Town, the more natural succession was seen. Mangrove trees were spotted here and there more and more. It was clearly seen that the mangrove trees are the guardians of soil erosion, protectors of marine ecosystem and homes of shorebirds, withstanding the attacks of the angry waves.

We arrived to Shwe Pyi Aye village around 11 am and had lunch there (just in time for the breakfast fuel to be completely burnt off). Homemade meal by the villagers might not be attractive in appearance. However, the unique taste and the style of cooking were enjoyable and delicious.

We arrived to our designated camp around 3:30 pm. It is a nice big camp of FREDA (donated by ACTMAG) on the river bank of Oat Pho village. The camp was built in 2010 and interestingly, the camp itself was facing river bank erosion.

Later that evening, we sat down by the bank and watched the sunset. For a moment, the scenery - took away my breath and completely zoned me out, wondering 'who painted the sky; the blue background with big white cumulus clouds?' On top of that; the fading Sun added this reddish colour in various places. Around 9, we called it a day since everyone was exhausted from a bumpy boat ride.

The next morning, I found waking up to the sound of cockerel was way more relaxing than the usual beeping alarm clock. A home cooked traditional breakfast filled our stomach for the long day ahead. We left the camp quite early around 9 (well, for a city boy like me – it was early). We spent most of the time in the motorboat travelling around, visiting the mangrove plantation sites and occasional community forest areas.

We got back to the camp around 5 pm. A refreshing cold shower was very wonderful and cleansed the mind and removed the heat. The best thing after that was to sit by the river bank with a nice cold beer. The feeling of the icy golden liquid wandered down the intestine cannot be compared with anything in the world. Lying on the bed after a massive dinner, thinking back about all the new awesome things I experienced put me slowly to sleep.

The rest of the trip was quite a repeated routine with more times spent on the motorboat. But there were several unique moments that stunned me for while. The innocent nature of the villagers and their simple lifestyles never failed to amaze me. Once I saw a kid playing tag with a duck. Yes, a duck. It was very spectacular, just to stare and admire the amount of joy the kid was getting. What I learnt from visiting villages after villages is that the more advanced the community is, the angrier (I would say ruder/ more impatient) the people are.



24th November, 2013 was the day to leave the lovely simple place. The locals know that rehabilitation of mangroves is very important for their survival (shelter, food, and other services). However, they face various challenges during the plantation period. First of all, the whole process is time consuming in order to achieve the benefits. The amount of care the seedlings require to grow healthy is high as well. Then, there comes the cost of transportation. Other problems such as domestic/wild animals grazing, natural disasters, unfertile soils and illegal logging are also quite common. The tidal fluctuations are also a problem since the floods in the field prevent locals from working.

All in all, it was an amazing experienced in my life. If I could, I would go there again (this time properly prepared). A relaxation trip like this could be popular in the near future as it refreshes our mind and gives us a lot of knowledge. This field trip to Oat Pho Kwin Chaung offered me not only relaxation and knowledge; but also the beauty of simple lifestyle, the innocence of locals and the feeling that I got to know more about my country.

Ohh, I forgot to mention mosquitoes. According to my experience, one thing I would recommend if someone wants to visit the Irrawady Delta Region is to bring a lot (I mean a lot!) of mosquito repellents.


**(Kyaw Zabu Tun)**



# အသင်း၏လှုပ်ရှားမှုပုံရိပ်များ



















ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအားလေ့လာခြင်း၊ သုတေသနပြုစော်ထုတ်ခြင်း

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့်သက်ဆိုင်သော ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း

ထိန်းသိမ်းရေးကာကွယ်ရေးတောများကို ဆက်စပ်သောဌာနဆိုင်ရာဌာန၊
သက်ဆိုင်ရာဒေသအဖွဲ့အစည်းများနှင့်များနှင့်ပူးပေါင်းဖော်ထုတ်ခြင်း

ဂေဟစနစ်နှင့်ကိုက်ညီသည့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပြောင်းလဲဖန်တီးပေးခြင်း

ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍သဘာဝထိန်းသိမ်းရေးလုပ်ငန်းများဆွေးနွေး၊ လုပ်ဆောင်ခြင်း

သဘာဝထိန်းသိမ်းရေးသင်တန်းနှင့် ငှက်ကြည့်သင်တန်းများပို့ချပေးခြင်း